[မြို့နယ်အမည်]
[ကူးစက်ရောဂါကာကွယ်ရေး- (သို့) အလားတူ ရုံး]
ရုံးလိပ်စာ
စာတိုက်နယ်မြေအမှတ်

[နေရာ၊ နေ့စွဲ]

အမည်
နေရပ်လိပ်စာ
စာတိုက်နယ်မြေအမှတ်

# အဆုတ်နာရောဂါ ရှိ-မရှိ စမ်းသပ်စစ်ဆေးရန် ခေါ်ယူခြင်း

ဤစာဖြင့် [*အမည်၊ မွေးသက္ကရာဇ်*] ကို အဆုတ်နာရောဂါ(TB) ရှိ-မရှိ စမ်းသပ်စစ်ဆေးရန်ခေါ်ယူအပ်ပါသည်။ အဆုတ်နာရောဂါ (TB) စမ်းသပ်စစ်ဆေးမှုတွင် ကျန်းမာရေးဌာန၏သူနာပြုဆရာမကြီး(Helsesøster)နှင့် ပြောဆိုဆွေးနွေးခြင်း၊ အရေပြားတွင် ဆေးထိုးစမ်းသပ်ပြီးနောက် ၃ ရက်အကြာတွင်ပြန်လည်ဖတ်ရှုစစ်ဆေးခြင်း၊ အဆုတ်ကိုဓာတ်မှန်ရိုက်စစ်ဆေးခြင်းနှင့် တခါတရံ သွေးစစ်ဆေးခြင်းတို့ပါဝင်ပါသည်။

နော်ဝေနိုင်ငံတွင် အဆုတ်ရောဂါရှိ-မရှိကို **အခမဲ့** စမ်းသပ်စစ်ဆေးပေးပါသည်။ စစ်ဆေးရန်လာလျှင် မှတ်ပုံတင်စာအုပ် ယူခဲ့ရန် မမေ့ပါနှင့်။

***လာရောက်စစ်ဆေးခံရမည့် နေရာ ။ ။***

*မန်တူး စစ်ဆေးမှု ထိုးနှံမည့်* ***အချိန် နှင့် နေ့စွဲ ။ ။***

*မန်တူး စစ်ဆေးမှု ပြန်လည်ဖတ်ရှုမည့်* ***အချိန် နှင့် နေ့စွဲ ။ ။***

အဆုတ်နာရောဂါဖြစ်ပွားနှုန်းများသောနိုင်ငံများမှလာသူအားလုံးကို ကူးစက်ခံခဲ့ရဖွယ်ရှိသောသူများဟုယူဆသည်။ နော်ဝေနိုင်ငံ၏ ဥပဒေအရ ကူးစက်ခံခဲ့ရဖွယ်ရှိသောသူတိုင်း အဆုတ်နာရောဂါကင်း-မကင်းစစ်ဆေးခံရမည့် ဝတ္တရားရှိသည်။ ထိုသို့စစ်ဆေးမှုခံယူရန် ပျက်ကွက်ပါက နောက်ဆုံအဆင့်တွင် ရဲစခန်းသို့အကြောင်းကြားသည်အထိ ဆိုးရွားသွားနိုင်ပါသည်။ အဆုတ်နာရောဂါအတွက် ကုသမှုခံယူနေရဆဲဖြစ်သူများကို ဆေးကုသပြီးစီးသည်အထိ နော်ဝေနိုင်ငံအတွင်း ဆက်လက်နေထိုင်ခွင့်ပြုက **အခမဲ့** ဆေးကုသ ပေးမည်ဖြစ်သည်။

အဆုတ်**နာ**ရောဂါ(TB)သည် ဆိုးရွားသည့် ရောဂါတခုဖြစ်သော်လည်း ကူးစက်ပြန့်ပွားနိုင်စွမ်းနည်းပြီး ထိထိရောက်ရောက် ကုသ ပေးပါက အမြစ်ပြတ်ပျောက်ကင်းနိုင်သောရောဂါမျိုးဖြစ်သည်။ အဆုတ်**နာ**ရောဂါ ကူးစက်ခံလိုက်ရချိန်မှ ရောဂါလက္ခဏာများ ဖြစ်ပေါ်ခံစားရချိန်အထိ နှစ်ပေါင်းများစွာအချိန်ယူလေ့ရှိပြီး ထိုသူများအနက် အနည်းအကျဉ်းမျှတွင်သာ ရောဂါအဆင့်အထိ ဖြစ်ထွန်းလာတတ်သည်။ ပြလေ့ရှိသောရောဂါလက္ခဏာများမှာ သီတင်းပတ် ၃ ပတ်ထက် ကြာရှည်စွာ ချောင်းဆိုးလာခြင်း၊ ရင်ပတ်နာခြင်း၊ ညအိပ်ချိန်တွင်ချွေးထွက်ခြင်း၊ ကျန်းမာရေးဆုတ်ယုတ်လာခြင်း၊ အားအင်ကုန်ခန်းနွမ်းနယ်ခြင်း၊ အစားအသောက် ပျက်ခြင်း နှင့် ကိုယ်အလေးချိန်လျော့ကျခြင်းတို့ဖြစ်သည်။ သင့်တွင် အဆိုပါလက္ခဏာများဖြစ်ပေါ်နေလျှင် ပင်တိုင်ဆရာဝန် သို့မဟုတ် အရေးပေါ်ပြင်ပလူနာဌာနသို့ အမြန်ဆုံးဆက်သွယ်ပါ။

**မေးမြန်းရန်ရှိပါက ဆက်သွယ်ရန် [*တယ်လီဖုန်းနံပတ်*]**

လေးစားခင်မင်လျက် ...

[အမည်၊ ရာထူး]
[မြို့နယ်အမည်]
[ကူးစက်ရောဂါကာကွယ်ရေး- (သို့) အလားတူ ရုံး]